


**ဥက္ကဋ္ဌ ဒီရတ်တာ အက်ဖ် ဥဒွေါ့မှ**
ပထမဥက္ကဋ္ဌအဖွဲ့၏ဒုတိယအတိုင်ပင်ခံ

# သူ၏သားသမီးများအတွက်ဘုရားသခင်၏နှုတ်ကပတ်တော်

လူယောက်ျားနှင့်လူမိန်းမကိုဖန်ဆင်းပြီးနောက် ဘုရားသခင်ပထမဆုံးပြုလုပ်တာကတော့ သူတို့ကိုစကားပြောတာဖြစ်တယ်လို့ ကျမ်းစာက ကျွန်တော်တို့ကိုပြောပြတယ်။ ၁ သူ့မှာသူတို့ကိုပေးဖို့ အရေးကြီးတဲ့သတင်းနှင့် အဖိုးတန်တဲ့ညွှန်ကြားချက်များရှိတယ်။ သူ့ရဲ့ရည်ရွယ်ချက်က သူတို့ကိုဝန်လေးဖို့ သို့မဟုတ် ပူပန်ဖို့မဟုတ်ပါဘူး။ ဒါပေမဲ့ သူတို့ကိုပျော်ရွှင်မှုနှင့် ထာဝရဘုန်းတော်သို့ လမ်းညွှန်ပေးဖို့ဖြစ်တယ်။

ပြီးတော့အဲ့ဒါဟာအစပဲရှိသေးတယ်။ အဲ့ဒီနေ့မှစပြီးဒီနေ့ထိ ဘုရားသခင်ကသူ့ရဲ့သားသမီးများနဲ့ဆက်လက်ဆက်သွယ်ခဲ့တယ်။ သူ၏နှုတ်ကပတ်တော်များကို မျိုးဆက်တိုင်းမှနောက်လိုက်များက ထိန်းသိမ်း၊ တန်ဖိုးထားပြီးလေ့လာခဲ့ကြတယ်။ ဘုရားသခင်၏အလိုတော်ကိုသိရန်ရှာဖွေနေသူများက ထိုနှုတ်ကပတ်တော်များကိုရှိသေလေးစားကြပြီး "အရှင်ထာဝရဘုရားသည် မိမိကျွန်ပရောဖက်တို့အား မဖော်မပြဘဲ အဘယ်အမှုကိုမျှ စီရင်တော်မမူ။"ဆိုတဲ့ အမှန်တရားကို သက်သေခံကြတယ်။ ၂

အစအဦးကတည်းက ဒါဟာစံနမူနာဖြစ်ခဲ့ပြီး ဒီစံနမူနာဟာ ယနေ့ထိဆက်လက်တည်ရှိတယ်။ ဒါဟာ ကောင်းတဲ့သမ္မာကျမ်းစာပုံပြင်တစ်ခုသက်သက်သာ မဟုတ်ပါဘူး။ သူ့ရဲ့သားသမီးများသို့ လိုအပ်တဲ့သတင်းများကိုဆက်သွယ်ပေးပို့တဲ့ ဘုရားသခင်တည်ထောင်ထားတဲ့နည်းလမ်းဖြစ်တယ်။ ပရောဖက်လို့ခေါ်သောသူများကို ကျွန်တော်တို့ထဲမှ တစ်ဦးချင်းစီ သူပေါ်ထွန်းစေပြီး ပြောရမယ့်နှုတ်ကပတ်တော်များကို သူတို့ကိုပေးတယ်။ ထိုအရာများကို "[သူ၏]နှုတ်တော်မှထွက်လာသကဲ့သို့ လက်ခံ"ရန် ကျွန်တော်တို့ကိုဖိတ်ခေါ်တယ်။ ၃

"ငါ၏စကားတော်ဖြစ်စေ သို့မဟုတ် ငါ့အစေခံများ၏စကားတော်ဖြစ်စေ အတူတူပင်ဖြစ်သည်။"ဟု သူကြေညာခဲ့တယ်။ ၄

ဒါဟာ အကြီးမြတ်ဆုံး အားရှိစေပြီး မျှော်လင့်ခြင်းပေးသော ပြန်လည်တည်ထောင်ခြင်း၏ သတင်းကောင်းများထဲကတစ်ခုဖြစ်တယ်။ ဘုရားသခင်သည်တိတ်ဆိတ်စွာနေတော်မမူ။ သူကသူ၏သားသမီးများကိုချစ်တယ်။ အမှောင်ထဲမှာ လှည့်လည်ဖို့ကျွန်တော်တို့ကို သူထားရစ်ခဲ့တာမဟုတ်ပါဘူး။

တစ်နှစ်နှစ်ကြိမ် ဧပြီလနှင့် အောက်တိုဘာလမှာ ကျွန်တော်တို့ရဲ့အံ့သြဖွယ်ကောင်းတဲ့ အထွေထွေညီလာခံများတွင် သူ့ရဲ့အစေခံများအားဖြင့် ကိုယ်တော်ရဲ့အသံတော်ကိုကြားရဖို့ ကျွန်တော်တို့မှာ အခွင့်အရေးရှိတယ်။

အထွေထွေညီလာခံမှာ ဟောပြောသူဟာစကားပြောစင်မြင့်သို့ လျှောက်လာခြင်းကိုမပြုလုပ်ခင်မှာ သူ သို့မဟုတ် သူမဟာ ကြီးမားတဲ့အားထုတ်မှု၊ ဆုတောင်းခြင်းနှင့် ဟောပြောရန်ပေးအပ်ထားတဲ့တာဝန်ကို တုံ့ပြန်ဖို့ လေ့လာခြင်းများမှာ ဆက်ကပ်အပ်နှံခဲ့ရတာနဲ့ပတ်သက်ပြီး ကျွန်တော်ရဲ့ကိုယ်ပိုင် သက်သေခံချက်ကို သင်တို့ကိုဝေမျှပါတယ်။ ညီလာခံသတင်းကောင်းတိုင်းဟာ မရေတွက်နိုင်သောပြင်ဆင်ခြင်းနာရီများစွာနှင့် သူ့ရဲ့သူတော်စင်များကြားနာရန် ကိုယ်တော့်အလိုတော်များကိုနားလည်ဖို့နှလုံးသားဖြင့်တောင်းလျှောက်မှုများကို ကိုယ်စားပြုတယ်။

ကျွန်တော်တို့နားထောင်သူများအနေဖြင့် ဟောပြောသူများ၏ပြင်ဆင်ခြင်းကို ကျွန်တော်တို့ရဲ့ပြင်ဆင်ခြင်းဖြင့်ယှဉ်တွဲလျှင် ဘာဖြစ်လာနိုင်မလဲ။ ကိုယ်တော့်ထံမှ သတင်းကောင်းများရရှိဖို့

အခွင့်အရေးတစ်ခုအဖြစ် ကျွန်တော်တို့ညီလာခံကိုကြည့်ရှုလျှင် အထွေထွေညီလာခံအားကျွန်တော်တို့ရဲ့ချဉ်းကပ်မှုဟာ ဘယ်လိုကွဲပြားနိုင်သလဲ။ အထွေထွေညီလာခံ၏ တေးသံများနှင့် နှုတ်ကပတ်တော်များအားဖြင့် ကျွန်တော်တို့ရင်ဆိုင်နေကြရတဲ့ ဘာပြဿနာမဆို သို့မဟုတ် မေးခွန်းများအတွက် မိမိနှင့်သက်ဆိုင်သောအဖြေများကိုရရှိဖို့ ကျွန်တော်တို့မျှော်လင့်နိုင်တယ်။

ကောင်းကင်ဘုံရှင်အဖက သင့်ကိုတကယ်ပဲစကားပြောမှာလားဆိုတာကိုသင်သံသယဖြစ်မိဖူးလျှင် ကျွန်တော်တို့ရဲ့မူလတန်းကလေးသီချင်း "[သင်သည်]ဘုရား၏သားဖြစ်သည်။ [သင့်ကို]ဤနေရာသို့ သူစေလွှတ်ခဲ့သည်။" ဆိုတဲ့ ရိုးရှင်းပေမယ့်လေးနက်တဲ့စကားနဲ့သင့်ကို ကျွန်တော်သတိပေးချင်ပါတယ်။ သူ့ရည်ရွယ်ချက်က "သူနှင့်တစ်နေ့မှာအတူနေရန်" သူ့ထံသင်ပြန်ရာမှာကူညီဖို့ဖြစ်တယ်။

ကောင်းကင်ဘုံရှင်အဖကို သူ၏သားအနေဖြင့် သင်ချဉ်းကပ်လျှင် ရိုးသားတဲ့စိတ်နှလုံးဖြင့်သူ့ကို သင်တောင်းလျှောက်နိုင်တယ်။ "ကျွန်ုပ်ကိုဦးဆောင်မူပါ။ လမ်းပြမူပါ။ ကျွန်ုပ်ဘေးတွင်လျှောက်ပါ။ လမ်းရှာတွေ့ရန်ကူညီပါ။ ကျွန်ုပ်လုပ်ရမည့်အရာအားလုံးကို သွန်သင်ပေးပါ။" သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သင့်ကိုသူစကားပြောပြီး "သူ့အလိုတော်ကိုလုပ်ဆောင်ရန်"မှာ သင့်အပေါ်မူတည်တယ်။ သင်လုပ်ဆောင်လျှင် "ကြွယ်ဝသောကောင်းကြီးများသိုထားတယ်။" ဆိုတာကျွန်တော်ကတိပေးပါတယ်။ ၅

ကမ္ဘာ့သမိုင်းတစ်လျှောက်မှာ ကိုယ်တော့်ရဲ့လမ်းပြမှုကိုလိုအပ်ခဲ့သလို ယနေ့ခေတ်မှာလည်း လိုအပ်ပါတယ်။ ကိုယ်တော်ရဲ့နှုတ်ကပတ်တော်ကိုကြားနာရန် ကျွန်တော်တို့ပြင်ဆင်တဲ့အခါ စစ်မှန်သောဝိညာဉ်တော်ကိုလုံ့လရှိရှိ ကျွန်တော်တို့ရှာဖွေပါစေ။ ဒါမှ ကိုယ်တော်ကသူ့ရဲ့ အစေခံများအားဖြင့် ပြောကြားတဲ့အခါ ကျွန်တော်တို့နားလည်နိုင်မယ်။ စိတ်ဓာတ်ခွန်အားမြင့်မားလာပြီး အတူတကွဝမ်းမြောက်လာမယ်။ ၆

"ဤအရာများကိုလုပ်ဆောင်ခြင်းအားဖြင့် ငရဲတံခါးများသည် [ကျွန်ုပ်တို့]အပေါ်မအောင်နိုင်ရ။ [ကျွန်ုပ်တို့]ရှေ့မှ မှောင်မိုက်၏တန်ခိုးတော်များကို ကိုယ်တော်ဘုရားသည် ကွယ်ပျောက်စေပြီး သူ့နာမတော်၏ဘုန်းတော်နှင့် [ကျွန်ုပ်တို့]ကောင်းစားရန်အတွက် ကောင်းကင်ကိုတုန်လှုပ်စေမည်။" ဆိုတာကို ကျွန်တော်သက်သေခံပါတယ်။ ၇

## မှတ်ချက်များ

၁။ ကြည့်ပါ။ ကမ္ဘာဦးကျမ်း ၁း၂၈ ။
၂။ အာမုတ် ၃း၇ ။
၃။ အယူဝါဒနှင့် ပဋိညာဉ်ကျမ်း ၂၁း၅ ။
၄။ အယူဝါဒနှင့် ပဋိညာဉ်ကျမ်း ၁း၃၈ ။
၅။ "ဘုရား၏သားဖြစ်သည်။" ဓမ္မသီချင်းများ အမှတ် ၃၀၁ ကလေးသီချင်းစာအုပ် ၂-၃
၆။ ကြည့်ပါ။ အယူဝါဒနှင့် ပဋိညာဉ်ကျမ်း ၅၀း၂၁-၂၂ ။
၇။ အယူဝါဒနှင့် ပဋိညာဉ်ကျမ်း ၂၁း၆ ။

---

## ဤသတင်းကောင်းမှသွန်သင်ချက်

အထွေထွေညီလာခံအချိန်အတောအတွင်းမှာ ဘုရားသခင်ခန့်အပ်ထားသောအစေခံများအား နားထောင်တဲ့အခါ ကျွန်တော်တို့ရဲ့ပြဿနာ သို့မဟုတ် မေးခွန်းများအတွက် မိမိနှင့်သက်ဆိုင်သော အဖြေများကို ကျွန်တော်တို့ရရှိနိုင်တယ်။ သင်သင်ကြားနေသောသူများနှင့်အောက်ပါအချက်များကို ဆွေးနွေးရန်စဉ်းစားဆင်ခြင်ပါ။ အထွေထွေညီလာခံအချိန်အတောအတွင်းမှာ ထိုအဖြေများကိုရရှိရန် သင်မည်သို့ပြင်ဆင်နိုင်မည်နည်း။ "စစ်မှန်သောဝိညာဉ်တော်ကိုလုံ့လရှိရှိရှာဖွေ"ဖို့ ဉက္ကဋ္ဌဒေါ့ခါ ကျွန်တော်တို့ကိုအားပေးတယ်။ ဒါဘာကိုဆိုလိုလဲလို့သင်ထင်သလဲ။ သင်ရဲ့ပြင်ဆင်ခြင်းမှာ ဤအရာကိုသင်မည်ကဲ့သို့ပါဝင်စေမည်နည်း။ ..........မှာဖော်ပြ ပထားတဲ့ကောင်းကြီးများအပြင် အယူဝါဒနှင့် ပဋိညာဉ်ကျမ်း ၂၁း၆ သူ့ရဲ့အစေခံများအားဖြင့် ကိုယ်တော်ရဲ့နှုတ်ကပတ်တော်များကိုကြားနာရန် သင်ပြင်ဆင်တဲ့အခါ အခြားမည်သည့်ကောင်းကြီးများလာမည်နည်း။ သင်သင်ကြားနေသောသူများကို ဤအထွေထွေညီလာခံတွင် ဝိညာဉ်တော်ကသင့်ကိုသင်ကြားပေးသည့်အရာကို ဂျာနယ်တွင်ရေးချရန် ဖိတ်ခေါ်နိုင်ပါတယ်။

## လူငယ်များ

### ဘုရား၏အသံတော်ကိုကြားရန်ပြင်ဆင်ခြင်း

လယောကျ်ားနှင့်လူမိန်းမကိုဖန်ဆင်းပြီးနောက် ဘုရားသခင်ပထမဆုံးပြုလုပ်တာကတော့ သူတို့ကိုစကားပြောတာဖြစ်ပြီး သူတို့ကိုအဖိုးတန်တဲ့သတင်းနှင့်

ညွှန်ကြားချက်များပေးတယ်လို့ ဥက္ကဋ္ဌ ဥဒ္ဒေါ့ကရင်းပြတယ်။
ကျွန်တော်တို့ထိုတူညီတဲ့ကောင်းကြီးကို ဧပြီလနှင့်
အောက်တိုဘာလ အထွေထွေညီလာခံအချိန်အတောအတွင်း
အသင်းတော်ခေါင်းဆောင်များကျွန်တော်တို့ကို
မိန့်ခွန်းပြောဆိုပြီး
ကိုယ်တော်ကျွန်တော်တို့ကိုကြားစေချင်တဲ့အကြံဉာဏ်ပေးတဲ့
အခါ ရရှိပါတယ်။

အထွေထွေညီလာခံအချိန်အတောအတွင်း
သူ့ရဲ့အစေခံများအားဖြင့် ဘုရားသခင်၏အသံတော်ကို
သင်ကြားဖူးပါသလား။
တိကျသေချာတဲ့သတင်းကောင်းတစ်ခုက
သင်ရှာဖွေနေတဲ့အဖြေကို သင့်အားပေးတယ်လို့
သင်ခံစားရခဲ့ဖူးပါသလား။ ထိုအတွေ့အကြုံနှင့်
သင့်ကိုမည်ကဲ့သို့ ကူညီပေးခဲ့သည်ကို
နေ့စဉ်မှတ်တမ်းတစ်ခုတွင်သင်ချရေးနိုင်ပါတယ်။ ထို့နောက်
သင်၌ရှိသောမေးခွန်းများကို ချရေးပြီး
သင်၏ကျမ်းစာလေ့လာချိန်တွင်လေ့လာခြင်းအားဖြင့်
ဤလာမည့်ညီလာခံတွင်
ကိုယ်တော်၏အသံတော်ကိုကြားရန်ပြင်ဆင်ပါ။
ညီလာခံအချိန်အတောအတွင်း
ထိုးထွင်းသိမြင်သောဉာဏ်နှင့် အဖြေကိုရရှိရန်
ကောင်းကင်ဘုံရှင်အဖအား ဆုတောင်း တောင်းလျှောက်ပါ။
ကိုယ်တော့်ရဲ့အစေခံများအားနားထောင်တဲ့အခါ
ကိုယ်ပိုင်နှိုးဆော်မှုများအပေါ် အာရုံစိုက်ပါ။
သင်ဘာသင်ယူခဲ့ရလဲ။ ပြောင်းလဲရန်လှုံ့ဆော်မှုကို
သင်ဘယ်လိုခံစားရခဲ့လဲ။ ထိုနှိုးဆော်မှုများကိုရေးချပါ။
ဘာကြောင့်လဲဆိုတော့ ဒါဟာဝိညာဉ်တော်ကသင်ကို
စကားပြောနေလို့ဖြစ်တယ်။

ကောင်းကင်ဘုံရှင်အဖကသင့်ကိုချစ်ပြီး
မှန်ကန်သောလမ်းသို့သင့်ကိုလမ်းညွှန်ပေးမယ်ဆိုတာကို
အမြဲသတိရပါ။
သူ၏အစေခံများအားဖြင့်သူ၏အသံတော်ကိုကြားနာရန်
သင်ကြိုးပမ်းတဲ့အခါ သင့်ကိုကောင်းကြီးပေးပြီး
စိတ်ဓာတ်ခွန်အားပေးမှာဖြစ်တယ်။

## ကလေးများ

### ညီလာခံအတွက်အသင့်ပြင်ပါ။

ဤနှိုးဆော်ချက်များကိုစာရွက်ပိုင်းတစ်ခုတွင်ရေးပါ။
သင်သင်ယူရသည်များကိုရေးချနိုင်ရန်
အထွေထွေညီလာခံအတောအတွင်း
စာရွက်ကိုသင်နှင့်အတူထားပါ။

သင်၏မေးခွန်းများကိုရေးချပါ။......နှင့်ပတ်သက်ပြီး
ကျွန်တော်စူးစမ်းနေတယ်။

ကောင်းကင်ဘုံရှင်အဖထံဆုတောင်းပါ။......နှင့်ပတ်သက်ပြီး
ကျွန်တော်သင်ယူချင်တယ်။

အထွေထွေညီလာခံကိုနားထောင်ပါ။
ကျွန်တော်........သင်ယူခဲ့ရတယ်။

ဤသတင်းစကားကို ပထမဥက္ကဋ္ဌအဖွဲ့ပန်ကြားလည်ဖွဲ့စည်းခြင်းမပုမ်ိတွင် ပင်ဆင်ထားခဲ့သည်။

© ၂၀၁၈ မှ Intellectual Reserve, Inc. မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။
အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၇။ ဘာသာပြန်ခွင့်ပြုချက် ၆/၁၇။ ဘာသာပြန်ထားခြင်း ပထမဥက္ကဋ္ဌအဖွဲ့သတင်းကောင်း၊ မတ်လ ၂၀၁၈
ဘာသာစကား 15049 256 ၁၅၀၄၉ ၀၀၀

# ညီအစ်မတစ်ဦးချင်းစီအတွက်နံမည်တပ်ခေါ်ပြီးဆုတောင်းပါ။

*ကျွန်မတို့ညီအစ်မတစ်ဦးချင်းစီအတွက်သေချာတိကျစွာ နံမည်တပ်ခေါ်ပြီးနှိမ့်ချစွာဆုတောင်းတဲ့အခါ ကျွန်မတို့လှည့်လည်သင်ကြားပေးသောသူများနှင့်ပတ်သက်သော လှုံ့ဆော်ချက်ဟာ တိုးပွားလာမယ်။*

ယုံကြည်ခြင်း၊ မိသားစု၊ သက်သာရေး

ကျမ်းစာက အခြားသူများအတွက်နံမည်တပ်ပြီးဆုတောင်းပေးခဲ့တဲ့ အမျိုးသား၊ အမျိုးသမီးများ၏ ပုံဥပမာများကို ဝေမျှပါတယ်။ အထိရောက်ဆုံးအဖြစ်အပျက်များ ထဲမှတစ်ခုကတော့ အယ်လမာငယ်လေးရဲ့အဖေဖြစ်ပါတယ်။ အယ်လမာငယ်လေးကို ကောင်းကင်တမန်ကစကားပြောခဲ့ပြီး သူ့ဖခင်ဟာ "သင်နှင့်စပ်လျဉ်း၍....များစွာသော ယုံကြည်ခြင်းဖြင့် သူဆုတောင်းလေပြီ။ ထို့ကြောင့် ဘုရားသခင်၏တန်ခိုးနှင့် အခွင့်အာဏာတို့နှင့်စပ်လျဉ်း၍ သူ့ကျွန်တို့၏ဆုတောင်းချက်များသည် သူတို့၏ယုံကြည်မှုအတိုင်း အဖြေရနိုင်ကြောင်းကိုသင့်အား နားသွင်းခြင်းငှာဟူသည့် ဤကြံရွယ်ချက်အတွက် ငါလာခဲ့လေပြီ။" (မိုဇိုင်ယား ၂၇:၁၄)။

အချင်းချင်းအတွက်ဆုတောင်းခြင်းက ကျွန်မတို့အား ကိုယ်တော်ပေးချင်တဲ့ ကောင်းကြီးများကို လက်ခံရရှိရန် ကျွန်မတို့နှလုံးသားများကိုဖွင့်ပေးတယ်။

"ဆုတောင်းခြင်း၏ရည်ရွယ်ချက်က ဘုရားသခင်၏အလိုတော်ကိုပြောင်းလဲရန်မဟုတ်ပါ။ ဘုရားသခင်ပေးအပ်ချင်တဲ့ ကျွန်မတို့နှင့် အခြားသူများ၏ကောင်းကြီးများ အတွက်လုံခြုံစိတ်ချရရန်ဖြစ်တယ်။ သို့သော်ပိုင်ဆိုင်ရရှိရန် ကျွန်မတို့တောင်းလျှောက်ရမယ်။" ၁

ညီအစ်မတစ်ဦးက သူမရဲ့ဘဝမှာ ခက်ခဲနေတဲ့အချိန်မှာ ဤအကြောင်းအရာနှင့်ဆက်စပ်ခဲ့တယ်။ "အထူးခက်ခဲသောနေ့ရက်များ"မှာ ဖုန်းခေါ်ဆိုမှု သို့မဟုတ် ရိုးရှင်းတဲ့သတင်းစကားဟာ သူမ၏လှည့်လည်သင်ကြားသော ဆရာများမှ မကြာခဏလာတယ်။ သူမအားပေးမှုလိုအပ်ချိန်ကို သူတို့သိနေခဲ့သလိုဖြစ်တယ်။ သူတို့လာလည်ချိန်မှာဖြစ်စေ သူတို့ရှိနေတဲ့နေရာမှာဖြစ်စေ သူမအတွက်သူတို့ဆုတောင်းပေးတယ်ဆိုတာကိုသူမသိခဲ့တယ်။

"မနက်တိုင်းနှင့် ညတိုင်း ညီအစ်မတစ်ဦးစီတိုင်းမှာရိုးသားတဲ့ ဆုတောင်းချက်ရှိမယ်ဆိုရင် ဒီထက်ပိုပြီး ကိုယ်တော်ပညတ်ထားခဲ့တဲ့အတိုင်း မရပ်မနားဆုတောင်းနေခဲ့မယ်ဆိုရင် ကျွန်မတို့ရဲ့စုပေါင်းအင်အားကို စဉ်းစားကြည့်ပါ။"လို့ အထွေထွေလူမှုသက်သာရေးအဖွဲ့၏ဥက္ကဋ္ဌဟောင်း ဂျူလီ ဘီ ဘတ်ခ်ကပြောခဲ့တယ်။၂ ကျွန်မတို့လည်ပတ်သင်ကြားပေးသောသူများအတွက်ဆုတောင်းခြင်းက တစ်ဦးချင်းစီအဖြစ်နှင့် နောင်ဆုံးကာလသန့်ရှင်းသူအမျိုးသမီးများအဖြစ် ကျွန်မတို့ကိုခိုင်ခံ့စေတယ်။

ပထမဥက္ကဋ္ဌအဖွဲ့၏ပထမအတိုင်ပင်ခံ ဥက္ကဋ္ဌ ဟင်နရီ ဘီ အိုင်ရင်း က "သူတို့ရဲ့နှလုံးသားများကိုသိရန် နည်းလမ်းအတွက်ဆုတောင်းပါ။ သူတို့အတွက်ဘုရားသခင်၏ မေတ္တာကိုခံစားကာ သင်တတ်နိုင်သမျှ အရာအားလုံးလုပ်ဆောင်ဖို့ သူတို့ကိုကူညီရန် ဘုရားသခင်သင့်ကိုလုပ်စေချင်တာကို သင်သိဖို့လိုလိမ့်မယ်။" ၃

**မှတ်ချက်များ**

၁။ ကျမ်းစာရှိလမ်းညွှန်မှု၊

"ဆုတောင်းချက်"

၂။ ဂျူလီ ဘီ ဘတ်ခ်၊ "နောက်ပိုင်းကာလ သူတော်စင်အမျိုးသမီးများ လုပ်ဆောင်သည့်အကောင်းဆုံး အရာ- ခိုင်ခန့်စွာရပ်၍ မယိမ်းယိုင်ပါ။" လီရာဟိုနာ နိုဝင်ဘာလ၊ ၂၀၁၇၊ ၁၁၀

၃။ ဟင်နရီ ဘီ အိုင်ရင်း၊ "ယဇ်ပုရောဟိတ်အခွင့်နှင့် ကိုယ်ပိုင်ဆုတောင်းချက်" လီရာဟိုနာ မေလ ၂၀၁၅၊ ၈၅။

## *ဒါကိုစဉ်းစားဆင်ခြင်ပါ*

သင်လည်ပတ်သင်ကြားပေးသောညီအစ်မတစ်ဦးချင်းစီအတွက်သင်ဆုတောင်းတဲ့အခါ မကြာသေးမီကရလာတဲ့ လှုံ့ဆော်မှုနှင့် စိတ်ကူးများက ဘာလဲ။

## *ပြုစုလုပ်ကျွေးခြင်း*

ညီအစ်မတစ်ဦးချင်းစီအတွက် နံမည်တပ်ခေါ်ပြီးဆုတောင်းခြင်းဖြင့် ကျွန်မတို့သွားလည်တဲ့ ညီအစ်မတစ်ဦးချင်းစီရဲ့ လိုအပ်ချက်များကို မည်သို့တုံ့ပြန်ရမည်ကိုသိရှိရန် ကိုယ်တိုင်လှုံ့ဆော်မှုကို ကျွန်မတို့ရရှိလာမယ်။

©၂၀၁၈ မှ Intellectual Reserve, Inc. မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ပုံနှိပ်ထုတ်ဝေသည်။
အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၇။ ဘာသာပြန်ခွင့်ပြုချက် ၆/၁၇။ အားဘာသာပြန်ထားခြင်း။ လှည့်လည်သင်ကြားခြင်း အခြေခံသဘောတရားများ၊
မတ်လ ၂၀၁၈ ဘာသာစကား 15049 256 ၁၅၀၄၉ ၀၀၀